ကျုံကွယ်ကျေးရွာအုပ်စု၊ဘုရားငုတ်တိုကျေးရွာ

ကျိုက်မရောမြို့နယ်

မွန်ပြည်နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

# (၂၀၂၀-၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဘုရားငုတ်တိုကျေးရွာ၊ ကျိုက်မရောမြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၀ခုနှစ်၊ ဇန်နဝါရီ လ

Scanned by CamScanner

မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | စကားချီး | ၃ |
| | ဘုရားငုတ်တိုကျေးရွာ သယံဇာတပြမြေပုံ၊ ကျိုက်မရောမြို့နယ် | ၅ |
| | ရာသီခွင်ပြ ပြက္ခဒိန် | ၆ |
| ၁။ | တည်နေရာနှင့် ပထဝီဝင် အနေအထား | ၇ |
| ၂။ | ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ | ၇ |
| ၃။ | ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ | ၇ |
| ၄။ | စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ | ၇ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၇ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၈ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၉ |
| ၅။ | အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ | ၁၀ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၁၀ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၁၀ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၁၁ |
| ၆။ | ပညာရေး | ၁၁ |
| ၇။ | ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး | ၁၂ |
| ၈။ | ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၃ |
| ၉။ | ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ | ၁၄ |
| ၁၀။ | ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ | ၁၅ |
| | | |
| နောက်ဆက်တွဲ | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၇ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၈ |
| | နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၅၇ |
| | နောက်ဆက်တွဲ(၄) ကျေးရွာ၏ ဦးစားပေးစီမံချက်(လုပ်ငန်း) အမှတ်ပေးဇယား | ၆၁ |
| | နောက်ဆက်တွဲ(၅)ဘုရားငုတ်တိုကျေးရွာ၏ဦးစားပေးစီမံချက်လုပ်ငန်းများအား<br>အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ | ၆၃ |
| | နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) | ၆၄ |




Scanned by CamScanner

## စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ကျေးရွာ၏ လူထုအများ စုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၉/၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃/၂၀၂၄ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။



Scanned by CamScanner

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ ဦးစားပေးစီမံချက် အဆိုပြုလွှာ စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

မေလ၊ ၂၀၂၀

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဘုရားငုတ်တိုကျေးရွာ

ကျိုက်မရောမြို့နယ်



Scanned by CamScanner

ဘုရားငုတ်တို---ကျေးရွာ၊ ------ကျိုက်မရော------ကျေးရွာအုပ်စု၊ သယံဇာတပြမြေပုံ




January
February
March
April
May
June
July
August
September
October
November
December

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ဘုရားငုတ်တိုကျေးရွာသည် မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ကျိုက်မရောမြို့နယ်၏ ကျုံကွယ်ကျေးရွာအုပ်စုတွင် ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် ဒါလီသစ်တောကြိုးဝိုင်း၊ အနောက် ဘက်တွင် စပါးခင်းလယ်ကွင်းများ၊ တောင်ဘက်တွင် ကျုံကွယ်ရွာမ၊ မြောက်ဘက်တွင် နွတ်အောက်ကျေးရွာတို့တည်ရှိပါသည်။ ကျေးရွာတွင် (ကရင်) တိုင်းရင်းသားများ အများစုနေထိုင်ကြပြီး ဗမာလူမျိုးများမှာ အနည်းစု နေထိုင်ကြပါ သည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ဘုရားငုတ်တိုကျေးရွာ၏ ရာသီဥတုမှာ ပူအိုက်စွတ်စိုသောရာသီဥတုဖြစ်ပြီး အပူအအေးမျှတမှု ရှိပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ(၁၄၇.၇) ဧက၊ ဥယျာဉ်ခြံမြေ (၁၈) ဧက ရှိပါသည်။ လယ်မြေများတွင် မိုးစပါးစိုက်ပျိုးပြီးပါက မတ်ပဲ၊ ပြောင်းဖူးစသည့်သီးနှံပင်များ စိုက်ပျိုးကြပါသည်။ ကျေးရွာ၏ ဥယျာဉ်ခြံမြေ များတွင် နှစ်ရှည်ရော်ဘာများ စိုက်ပျိုးကြပါသည်။ အိမ်ခြံမြေများတွင် ဟင်းသီးဟင်းရွက် ချဉ်ပေါင်၊ ကန်စွန်းရွက်၊မုန့်လာဥစသည့်သီးနှံများ အနည်းအကျဉ်းစိုက်ပျိုးကြပါသည်။ မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဘုရားငုတ်တိုကျေးရွာတွင် အုပ်ချုပ်ရေး၊ အမျိုးသမီးရေးရာ အဖွဲ့၊ နှင့်မီးသတ်အဖွဲ့ စသည့်အဖွဲ့ များသည် လူမှုဖွံ့ဖြိုးရေး ဆိုင်ရာလုပ်ငန်းများတွင် ပူးပေါင်းပါဝင် လုပ်ကိုင်ကြပါသည်။ ဘုရာငုတ် တိုကျေးရွာတွင် ငွေကြေးကိစ္စရပ်နှင့် လုံခြုံရေး၊ ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ် များတွင် အခက်အခဲများတွင် ကျေးရွာမှ တက်အားသရွေ့ စုပေါင်းကူညီကြပါသည်။ ဘုရားငုတ်တိုကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးနှင့် အခြားကိစ္စရပ် ဆောင်ရွက်နေသော ကျေးရွာ ပြင်ပအဖွဲ့အစည်းများ မရှိပါ။

**၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ**

**(က) သီးနှံ စိုက်ပျိုးရေး**

ဘုရားငုတ်တိုကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများမှာ ကျေးရွာအိမ်ထောင်စု (၇၁)စုရှိပါသည်။ ဘုရားငုတ်တိုကျေးရွာတွင် ရဲဆင်းသားတောင်သူ(၁၃)အိမ်ထောင်စု၊ တောင်သူငယ်(၉) အိမ် ထောင်စု၊ တောင်သူလတ် အိမ်ထောင်စု(၈)စု ရှိပါသည်။ ဘုရားငုတ်တိုကျေးရွာ၏စိုက်ပျိုးရေးတွင် မိုးရေ၊ချောင်းရေနှင့် ရေသွင်းမြောင်း ကိုသာ အဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ ကျေးရွာရှိ လယ်ဧကများသည် မိုးတွင်းအခါ တစ်ခါတစ်ရံ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာပါက စိုက်ပျိုးထား လယ်ကွင်းများရေမြုပ်၍



Scanned by CamScanner

လယ်သမားအနည်းငယ် အရှုံးပေါ် လေ့ရှိပါသည်။

ဘုရားငုတ်တိုကျေးရွာသည် ဆန်စပါးကိုသာအဓိကထား စိုက်ပျိုးကြပါသည်။ ဘုရားငုတ်တို ကျေးရွာ၏ စုစုပေါင်းစိုက်ဧကမှာ (၁၆၅)ဧကတွင် စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ ဘုရားငုတ်တို ကျေးရွာ၏ စပါးအထွက်နှုန်းမှာ နှစ်စဉ် ပုံမှန်မရှိ ရာသီဥတုအခြေအနေ ပေါ်မူ တည်ပြီး အထွက်နှုန်းမှာပျမ်းမျှအနေဖြင့် တစ်ဧကလျှင် (၃၀) တင်းခန့် ထွက်ရှိပါသည်။

ဘုရားငုတ်တိုကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှုမှာ တစ်ဦးချင်း ပိုင့်လက် တွန်းထွန်းစက်(၇)စီးရှိပါသည်။ အဆိုပါ လက်တွန်းထွန်းစက်(၇)စီးများအနက်မှ တစ်စီးအား ကျန်ရှိသော အိမ်ထောင်စု(၁)စု မှာ ငှားရမ်းလုပ်ကိုင်ကြပါသည်။ အချို့သော အိမ်ထောင်စုမှာ လူဖြင့် ရိတ်သိမ်း ကြပြီး နွားများဖြင့် စပါးခြွေကာ သဘာဝလေများဖြင့် စပါးလှေ့ခြင်းဖြင့် စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုများလည်း ရှိပါသည်။ ဘုရားငုတ်တိုကျေးရွာတွင် သီးနှံအထွက်နှုန်းတိုးစေရန် အတွက် အခွင့်အလမ်းအနည်းငယ် သာရှိပါသည်။

ဘုရားငုတ်တိုကျေးရွာတွင် ကျပန်းလုပ်ကိုင်နေသည့် အိမ်ထောင်စုများပြားသော်လည်း အသက်မွေးဝမ်းကျောင်းပြုနိုင်သည့် နည်းပညာအားနည်းသောကြောင့် အလုပ်အကိုင် အခွင့်အလမ်း နည်းပါး သဖြင့် ပြည်ပနိုင်ငံများတွင် သွားရောက်လုပ်ကိုင်သည့် လူဦးရေများပြားပါသည်။ ထို့ကြောင့် လုပ်သား အင်အားရှားပါးခြင်း အခက်အခဲကို ကြုံတွေ့နေရပါသည်။ စပါးစိုက်ပျိုးရာတွင် မိုးတွင်းအခါ ရေကြီးရေလျှံမှု နှင့်ဖျက်ပိုး ရောဂါများရှိသဖြင့် ဆုံးရှုံးမှုအနည်းငယ်ရှိပါသည်။ ဘုရားငုတ်တိုကျေးရွာ တွင် သီးနှံထုတ်လုပ်မှုနှင့် ပတ်သက်၍ အခက်အခဲများရှိပါသည်။ ကျေးရွာတွင် ရော်ဘာစိုက်ပျိုးထုတ်လုပ်ရာ တွင် အဝယ်ဒိုင်၏တက်ဈေးကျဈေးသတ်မှတ်သည်အပေါ်တွင် ရောင်းချနေရပါ သည်။

**(ခ) မွေးမြူရေးလုပ်ငန်း**

ဘုရားငုတ်တိုကျေးရွာတွင် နွားမွေးမြူသော အိမ်ထောင်စု(၅၀)စုတွင် (၁၆၄)ကောင် ၊ကျွဲမွေးမြူသော အိမ်ထောင်စု(၁၀)စု ကျွဲကောင်ရေ(၂၀)ကောင်၊ ဝက်မွေးမြူသော အိမ်ထောင်စု(၆၀)စု ကောင်ရေ(၆၃၀)ကောင်၊ ဒေသကြက်မွေးမြူသောအိမ်ထောင်စု(၇၁) ကောင်ရေ(၆၃၀)နှင့်၊ဘဲမွေးမြူသော အိမ်ထောင်စု(၂)စု ကောင်ရေ(၁၆)ကောင် စသည့်တို့ဖြင့် ဒေသနှင့်ကိုက်ညီသော တိရိစ္ဆာန်မွေးမြူရေးတို့အား ဝမ်းစာဖူလုံမှုတစ်ပိုင်တစ်နိုင်သာ မွေးမြူကြပါသည်။

ဘုရားငုတ်တိုကျေးရွာတွင် မွေးမြူရေးလုပ်ငန်းအနေဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူကြ



Scanned by CamScanner

သဖြင့် ရေနှင့်ပတ်သက်သောအခြေအနေတွင် နွေရာသီတွင်နှစ်စဉ်ရေရှားပါးမှုနှင့်ကြုံတွေ့နေရသော ကြောင့် မွေးမြူရေးလုပ်ငန်းနှင့်ပတ်သက်၍ အခက်အခဲအနည်းငယ်ရှိပါသည်။ ကျိုက်မရောမြို့၊မုဒုံမြို့တို့နှင့် ကတ္တရာလမ်းဖြစ်ပြီး သွားလာရလွယ်ကူသောကြောင့် မျိုးတိရိစ္ဆာန်ရရှိမှု၊ အစာနှင့်ဆေးများကို အလွယ်တကူရနိုင်သည့်အပြင် တိရစ္ဆာန် များကိုလည်းအိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု အသင့်အတင့်ရှိသဖြင့် မွေးနိုင်ခြင်းဖြစ်ပါသည်။ကျေးရွာတွင်တစ်ပိုင်တစ်နိုင် မွေးမြူရန်အတွက် မိတ်ဆွေ၊ ဆွေမျိုးများတွင် ချေးငွေအသင့်အတင့် ရနိုင်ပါသည်။ ဘုရားငုတ်တိုကျေးရွာတွင် စားကျက်မြေနှင့် မြေလွတ်မြေလပ်မရှိသည်အတွက်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရာတွင် မိမိတို့အိမ်ခြံဝင်း အတွင်းသာ မွေးမြူလုပ်ကိုင် နေကြပါသည်။

ဘုရားငုတ်တိုကျေးရွာတွင် မွေးမြူရေးနှင့် ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ ရယူရန်အတွက် မွေး/ကု ဦးစီးဌာနသို့ သွားရောက်ရန် ဝေးကွာသောကြောင့် မွေးမြူရေးလုပ်ငန်းပိုင်တွင် နွေရာသီတွင် ရေရှားပါမှုကြောင့် အခက်အခဲအနည်းငယ်ရှိပါသည်။ ရာငုတ်တိုကျေးရွာတွင် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ လိုအပ်နေပါသည်။

### (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျုံကွယ်ကျေးရွာအုပ်စု၊ ဘုရားငုတ်တိုကျေးရွာတွင် စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းဆောင်ရွက်သူသည့် အိမ်ထောင်စုအနည်းငယ်သာရှိပါသည်။ ဘုရားငုတ်တိုကျေးရွာတွင် စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အသက်မွေးဂမ်းကျောင်း လုပ်ကိုင်နေကြသော မိသားစုဂင်များသည် အသက်မွေးဂမ်းကျောင်းနည်းပညာဆိုင်ရာ လက်သမား၊ပန်းရံ လုပ်ကိုင်သော အိမ်ထောင်စုအနည်းငယ်ရှိပါသည်။ ဘုရားငုတ်တိုကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသောကြောင့် အိမ်ထောင်စုအနည်းငယ်မှာ မိမိတို့အသက်မွေးဝမ်းကျောင်းနှင့်ကိုက်ညီသည့် ကျေးရွာ ပြည်ပဖြစ်သော မုဒုံမြို့နှင့်တခြားကျေးရွာသို့ နေ့ချင်းပြန်ခရီးဖြစ်သွားရောက် လုပ်ကိုင်ကြပြီး တချို့အိမ် ထောင်စုမှာ ကုန်စိမ်းနှင့်သားငါးများ လှည့်လည်ရောင်း၍ ဝမ်းရေးကိစ္စဖြေရှင်းနေကြ ရပါသည်။ အိမ်ထောင်စုအနည်းငယ်မှာ မီးသွေးဖုတ်ရောင်း၍ အသက်မွေးဝမ်းကျောင်း ပြုရပါသည်။

ဘုရားငုတ်တိုကျေးရွာတွင် ပြည်ပသို့သွားရောက် လုပ်ကိုင်ကြသောသူများသည် ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့်ဝင်ငွေအခွင့်အလမ်းများရှာဖွေရန်အတွက် အိမ်ထောင်စု(၈၆)စုသွား ရောက်ကြခြင်းဖြစ်ပါသည်။ဘုရားငုတ်တိုကျေးရွာတွင် မိမိသက်ရောက်သော

အသက်မွေးဝမ်းကျောင်းပညာရပ် နှင့် ကိုက်ညီသော စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရန်ရည်ရွယ်၍ သွားရောက်လုပ်ကိုင်ကြခြင်းများ လည်းဖြစ်ပါသည်။

ဘုရားငုတ်တိုကျေးရွာတွင် ပြည်ပသို့ သွားရောက်လုပ်ကိုင်သော အမျိုးသား၊ အမျိုးသမီးအများစုမှာ ပြည်ပသို့သွားရောက်၍ အလုပ်လုပ်ကိုင်ခြင်းဖြင့် မိသားစုဝင်ငွေအဖြစ် ထောက်ပံ့ပေးနေမှုများကို တွေ့မြင်ရပါသည်။ ကျေးရွာတွင် မိသားစုများ ပြန်လည်မှီခိုရာတွင် ပြန်ပို့ငွေအား ငွေလွှဲလုပ်ငန်း(ဟွန်ဒီ)ဖြင့်လည်းကောင်း၊ ဘဏ်များဖြင့်လည်းကောင်း အိမ်ထောင်စုအနည်းငယ်မှာ လူကြုံ ဖြင့် လွှဲပို့ခြင်းဖြင့်လည်းကောင်း ပြန်ပို့ငွေအား မှီခိုအသုံးပြုကြရပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ဘုရားငုတ်တိုကျေးရွာတွင် သုံးဘီးဆိုင်ကယ်(၃)စီး၊ ဆိုင်ကယ်(၄၆ )စီး၊ စက်ဘီး(၁၀ ) စီး၊ ကား(၄)စီးဖြင့် သယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုနေကြပြီး စိုက်ပျိုးရေးလုပ်ငန်းများတွင် ထော်လာဂျီ(၂)စီးနှင့် နွားလှည်း(၁၈)စီး တို့ကို အသုံးပြုကြပါသည်။ ဘုရားငုတ်တိုကျေးရွာတွင် ကျေးရွာဈေးမရှိပါ။ ထိုအပြင် မီးဖိုချောင်သုံးပစ္စည်းများ အဝတ်အထည်များ အိမ်ဆောက်ပစ္စည်းအနည်းငယ် ဝယ်ယူနိုင်ရန်အတွက် ချောင်းနှစ်ခွဈေးသို့ သွားရပါသည်။ ဘုရားငုတ်တိုကျေးရွာမှ ကျိုက်မရော/မုဒုံ(မြို့မ)ဈေးသို့ (၁၀) မိုင်ကျော်ကွာဝေးသော်လည်း သွားလာ ရေးအနည်းငယ် ခက်ခဲစေပြီး ဝန်ဆောင်မှုအစုံ ပစ္စည်းစုံရယူရန်အတွက် မော်လမြိုင်မြို့မဈေးသို့ သွားရောက်ရပါသည်။

ဘုရားငုတ်တိုကျေးရွာသည် ရေကြောင်းသယ်ယူပို့ဆောင်ရေးနှင့် သွားလာမှုများ မရှိပါ။ ကုန်းကြောင်းဖြင့်သာ သယ်ယူပို့ဆောင်မှုများ ဆောင်ရွက်ကြပါသည်။ ဘုရားငုတ်တိုကျေးရွာတွင် ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ မရှိပါ။ ကျေးရွာတွင် တံတားတည်ဆောက်မှုအခြေအနေအရ ကျေးရွာတွင် အခက်အခဲမရှိပါ။

ဘုရားငုတ်တိုကျေးရွာ၏ ရွာတွင်းလမ်းမကြီးနှင့် လမ်းသွယ်(၃)လမ်းမှာ မြေသားလမ်း ဖြစ်သောကြောင့် မိုးတွင်းအခါတွင်သွားလာရခက်ခဲပြီး ကွန်ကရစ်လမ်းခင်းပေးရန် လိုအပ်လျက် ရှိပါသည်။

### (ခ) ကျေးရွာ မီးလင်းရေး

ဘုရားငုတ်တိုကျေးရွာတွင် တစ်နိုင်တစ်ပိုင်ဆိုလာမီးသုံးစွဲသော အိမ်ထောင်စု (၄၇) စု၊ ဒီဇယ်အင်ဂျင် အသုံးပြုသော အိမ်ထောင်စု(၂၀)စုနှင့် ဓိဝလောင်စာအသုံးပြုသော အိမ်



Scanned by CamScanner

ထောင်စု(၄)စုတို့ရှိပါသည်။ကျေးရွာတွင် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးသုံးစွဲနိုင်ခြင်းမရှိသေးပါ။ထို့ကြောင့် မဟာဓါတ်အား လိုင်းမှလျှပ်စစ်မီးရရှိရေးလုပ်ငန်းသော်လည်းကောင်း၊ အသေးစားလျှပ်စစ်ဓါတ်အား ထုတ်လုပ်မှုဖြစ်သော် လည်းကောင်း၊ ဆိုလာမီးလင်းရေးသော်လည်းကောင်း မည့်သည့်နည်းလမ်းဖြင့်ဖြစ်စေ လျှပ်စစ်မီးရရှိရန်လို အပ်လျက်ရှိပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ဘုရားငုတ်တိုကျေးရွာတွင် ဖုန်း(၉၁)လုံး၊ တီဗွီ (၄)လုံး၊ဂြိုလ်တု စလောင်း(၄)လုံးတို့မှ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ရယူသုံးစွဲကြပါသည်။ ဘုရားငုတ်တိုကျေးရွာအနီးရှိ အုပ်စုကျေးရွာဖြစ်သော ကျုံကွယ်(ရွာမ)တွင် MPT,Orredoo, Telenor ဆက်သွယ်ရေးတာဝါတိုင်လိုင်းများ တည်ဆောက်ထားသောကြောင့် ဆက်သွယ်ရေး အနေဖြင့် အခက်အခဲမရှိပါ။ ကျေးရွာတွင် လူထုအခြေပြုသဘာဝ ဘေးအန္တရာယ်လျှော့ချရေး အစီအစဉ် နှင့်မှုခင်းများကာကွယ်တားဆီး လျော့ချရေးအတွက် ရဲဘက်ဆိုင်ရာများမှ ဝန်ဆောင်မှုပေးခြင်း အနေဖြင့် ကျေးရွာတွင် အသိပညာပေးပို့စတာချိတ်ဆွဲခြင်း ကျေးရွာအုပ်ချုပ်ရေးမှူးသို့တိုင်ကြားပြီး ရဲစခန်းသို့သွား ရောက်တိုင်ကြားပါက ကျေးရွာသို့လာရောက်၍ ဝန်ဆောင်မှုပေးပါသည်။

ဓ။ ပညာရေး

ဘုရားငုတ်တိုကျေးရွာတွင် မူလတန်းပညာရေးအခြေအနေတွင် ဘာသာရပ်ပြဆရာ/ဆရာမ(၅)ဦးဖြင့် ပညာသင်ကြားနေရသော အခြေအနေတွင် အခက်အခဲမရှိပါ။ ကျေးရွာတွင် ပညာရေးနှင့် ပတ်သက်၍ စာသင်ကြားရာတွင် အနည်းငယ်အခက်အခဲဖြစ်ရခြင်းမှာ ကျောင်းသုံးပရိဘောဂ ပစ္စည်းများတွင် လုံလောက်မှုမရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ကျေးရွာတွင် ကျောင်းဆရာမများအနေဖြင့် နေထိုင်ရာတွင် ညအိပ်ညနေပြုလုပ်ရန် အခက်အခဲရှိပြီး ကျေးလက်ဝန်ထမ်းအိမ်ရာတည်ဆောက်ပေးရန် လိုအပ်လျက်ရှိပါ သည်။

ဘုရားငုတ်တိုကျေးရွာတွင် မူလတန်းကျောင်းရှိပြီး စာသင်ကြားရာတွင် ဆရာမ(၅)ဦးရှိပါသည်။ ကျေးရွာတွင် စာသင်ကြားရာတွင် ကျောင်းသုံး ပရိဘောဂမလုံလောက်မှုကြောင့် အနည်းငယ်အခက်အခဲ ရှိပါသည်။ကျေးရွာတွင် ကလေးငယ်များ စာသင်ကြားရာတွင် လုံခြုံမှုမရှိသောကြောင့် စသင်ကျောင်းခြံစည်းရိုးခတ်ခြင်း လုပ်ငန်းဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါသည်။

ဘုရားငုတ်တိုကျေးရွာတွင် ကျောင်းတက်နှုန်းအခြေအနေအရာ မူလတန်းကျား(၁၉) ဦး /မ(၂၅)ဦး စုစုပေါင်း(၄၄)ဦးရှိပြီး အလယ်တန်းပညာရေးအခြေအနေတွင် ကျား(၁၆)ဦး



Scanned by CamScanner

/(၂၇)ဦးစုစုပေါင်း(၄၃) ဦးရှိပါသည်။ကျေးရွာတွင် အထက်တန်းပညာဆက်လက် သင်ကြားနေသော ကျောင်းသား-၁ဦး/မ-၉ဦး ရှိပါသည်။ဘုရားငုတ်တိုကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စုများအနေဖြင့် အထက်တန်းပညာ သင်ကြား ရာတွင် မုဒုံဘော်ဒါဆောင်တွင် သွားရောက်ပညာသင်ကြားနိုင်ပြီး အဆင်မပြေသောအိမ်ထောင်စုများ အနေဖြင့် အလယ်တန်းကျောင်းပညာပြီးမြောက်သော်လည်း ကျောင်းမှာဆက်မတက်နိုင်ဘဲ အလုပ်လုပ်ကြရပါသည်။

ဘုရားငုတ်တိုကျေးရွာတွင် စာမတတ်သည့် လူဦးရေအများစုမှာ သက်ကြီးရွယ်အိုများဖြစ်ကြပါသည်။ မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ (၂၃၅)ဦး အထိများပြားခြင်းနှင့် အလယ်တန်းအဆင့် စာတတ်မြောက်သူများမှာ (၁၉)ဦး၊ အထက်တန်းအဆင့်စာတတ်မြောက်သူများမှာ (၈)ဦးရှိပါသည်။ကျေးရွာတွင် အထက်တန်းအဆင့်ရှိသောအတန်းပညာပြီးမြောက်သော လူငယ်အချို့မှာ မိသားစုစားဝတ်နေရေး အခြေအနေကြောင့် ပြည်ပသို့ သွားရောက်လုပ်ကိုင်ကြရပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ဘုရားငုတ်တိုကျေးရွာတွင် အုပ်စုကျေးရွာဖြစ်သော ကျုံကွယ်ကျေးလက် ကျန်းမာရေးဌာနခွဲတွင် သားဖွားဆရာမတစ်ဦးရှိပါသည်။ ကျေးရွာတွင်တိုက်နယ်ဆေးရုံမရှိသေးပါ။ ဘုရား ငုတ်တိုကျေးရွာမှ (၃)မိုင်ခန့်ကွာဝေးသော ချောင်းနှစ်ခွတိုက်နယ်ဆေးရုံရှိပါသည်။ ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စုများအနေဖြင့် မုဒုံပုဂ္ဂလိကဆေးရုံသို့ သွားရောက်၍ ဆေးကုသခံယူရပါသည်။

ဘုရားငုတ်တိုကျေးရွာတွင် ကျုံကွယ်ကျေးလက်ကျန်းမာရေးဌာနခွဲမှ ခလေးငယ်များကို ကာကွယ်ဆေးများ နှစ်စဉ်လာရောက်ထိုးနှံ တိုက်ကျွေးကြပါသည်။ ထို့အပြင် ကျေးရွာတွင် အဆုတ်ရောဂါခံစား နေရသောသူ အနည်းငယ်ရှိပါသည်။ တစ်ခါတစ်ရံ ကျန်းမာရေး ပညာပေးအစီအစဉ်များ လည်းရှိပါသည်။

ဘုရားငုတ်တိုကျေးရွာတွင် ဝမ်းပျက်ဝမ်းလျှောရောဂါနှင့်ရာသီပေါ်တုပ်ကွေး ရောဂါများဖြစ်ပွားပါက မြင့်မားလျက်ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ကျေးရွာတွင် တစ်ခါတစ်ရံ ငှက်ဖျားရောဂါများသည် မိုးရာသီတွင် အဖြစ်များသော်လည်း ကျုံကွယ်ကျေးလက်ကျန်းမာရေး ဌာနခွဲသို့ သွားရောက် ကုသကြသဖြင့်သက်သာပျောက်ကင်းကြပါသည်။

ဘုရားငုတ်တိုကျေးရွာတွင် သောက်သုံးရေများကို လက်တူးတွင်းကိုသာ အဓိက ထားအသုံးပြုလျှက်ရှိပါသည်။ ကျေးရွာတွင် လက်တူးတွင်း(၇၁)တွင်းရှိပါသည်။ ဘုရားငုတ်တိုကျေးရွာတွင် နွေရာသီတွင် သောက်သုံးရေရှားပါးပျက်လက်မှုနှင့် နှစ်စဉ်ကြုံတွေ့နေရပြီး



Scanned by CamScanner

အဝေစိတွင်း တွင်းနက်(၁)တွင်း တူးဖော်ရေးလုပ်ငန်း၊ စင်မြင့်ရေစင်/အိမ်သွယ်ရေတိုင်စနစ် လုပ်ငန်းများနှင့် ချောင်း ရေပြန်လည်းတူးဖော်ပေးရေးလုပ်ငန်းများ လိုအပ်လျက်ရှိပါသည်။

ဘုရားငုတ်တိုကျေးရွာတွင် သန့်ရှင်းသော ရေလောင်းယင်လုံအိမ်သာ သုံးစွဲသော အိမ်ထောင်စု(၆၃)စုလုံး ကျန်းမာရေးအသိပညာရှိစွာ အသုံးပြုကြပါသည်။ အိမ်ထောင်စု(၈)စု သာတွင်း/ ဇလား အိမ်သာကိုသာ သုံးစွဲကြပါသည်။ဘုရားငုတ်တိုကျေးရွာတွင် အမှိုက်စွန့်ပစ် စနစ်သီးခြားသတ်မှတ်ခြင်းမျိုးမရှိဘဲ ကျေးရွာတွင် နေအိမ်ထောင်စုများ မိမိအိမ်ပတ်ဝန်း ကျင်သန့်ရှင်းစေရန်အတွက် အဆင်ပြေသည့်နည်းလမ်းသုံး၍မီးရှို့ဖျက်စီး ပါသည်။

၈။ **ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး**

ဘုရားငုတ်တိုကျေးရွာတွင် ဘေးအန္တရာယ်ကျရောက်နိုင်မည့်ဆိုပါက အမျိုးသမီးဦး ဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စုအနေဖြင့် ထိခိုက် သက်ရောက်လွယ်မှုကြုံလာပါက အခက်အခဲအနည်းငယ် ရှိနိုင်ပါသည်။ ထိုအပြင် ကျေးရွာတွင်ပြည်ပမှ ပြန်လာ၍ လုပ်ကိုင် ရှာဖွေ၍ စားသောက်ကြသော အိမ်ထောင်စုအနည်းငယ်မှာ စီးပွားရေးအနေဖြင့် ထိခိုက် သက်ရောက် လွယ်မှုမှာနိမ့်လျက်ရှိပါသည်။ ကျေးရွာတွင် လက်လုပ်လက်စားကျပန်းများ အနေဖြင့် သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်ပါက ထိခိုက်သက်ရောက်မှုမှာ အလယ် အလတ်အဆင့်ရှိ နိုင်ပါသည်။

ဘုရားငုတ်တိုကျေးရွာတွင် သဘာဝဘေးအန္တရာယ် ဆိုးရွားသည့် အခြေအနေ မျိုး မရှိပါ။ သို့ရာတွင် မိုးတွင်းအခါတွင် ရေကြီးရေလျှံတက်မှုကြောင့် လယ်ယာစိုက်ပျိုးထား သော စပါးပင်များ ရေမြုပ်၍ လယ်သမားများနှင့်နေ့စား/ ကျပန်းလုပ်ကိုင်သော အိမ်ထောင် စုအနည်းငယ်သာသဘာဝဘေး အန္တရာယ်အနေဖြင့် အနည်းငယ်ထိခိုက်နိုင်ပါသည်။ ဘုရား ငုတ်တိုကျန်းမာရေးနှင့် ပတ်သက်၍မိုးရာသီ ရာသီပေါ် တုပ်ကွေး ဖျားနာခြင်း၊ ငှက်ဖျား ရောဂါ ဖြစ်ပွားခြင်း၊ ဝမ်းပျက်ဝမ်းလျော ရောဂါဖြစ်ပွား ခြင်း အနည်းငယ် ရှိပါသည်။ ကျေးရွာသူ/သားများ သည် စည်းစည်းလုံးလုံးနှင့် အတူတကွ နေထိုင်ကြသဖြင့် ပြည်တွင်း ပဋိပက္ခများမရှိပါ။ ရာသီ ကူးပြောင်းမှုများတွင် ခွာနာ၊ လျှာနာရောဂါစသည့် တိရစ္ဆာန်ရောဂါ များ ဖြစ်ပွားလေ့ရှိပြီး ကြက်နာရောဂါများ ဖြစ်ပွားမှု အနည်းငယ် တွေ့ရပါသည်။ ကျေးရွာ တွင် လူကုန်ကူးမှု မရှိပါ။

ဘုရားငုတ်တိုကျေးရွာတွင် ဝမ်းစာဖူလုံမှုအနေဖြင့် အခက်အခဲမရှိပါ။ ဘုရားငုတ်တို ကျေးရွာတွင် ကူညီစောင့်ရှောက်မှုအထူးလိုအပ်သည့် သက်ကြီးရွယ်အိုနှင့် မသန်စွမ်းသည့် ပုဂ္ဂိုလ်များမရှိသော်လည်း အများစုသည် ဆွေမျိုးတော်စပ်ကြသောကြောင့် အရေးပေါ် ကိစ္စရပ်များတွင် တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီကြပါသည်။ ဘုရားငုတ်တိုကျေးရွာတွင်



Scanned by CamScanner

ဆင်းရဲ၍မိသားစု ဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု (၆)စု၊ဆင်းရဲ၍ မိသားစုဦးရေများသည့် မုဆိုးဖို/တစ်ခုလပ် အိမ်ထောင်စု(၂)စုနှင့်အခြားဒေသသို့ ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့်အိမ် ထောင်စု(၂)စု ရှိပါသည်။

## ၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ဘုရားငုတ်တိုကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှု အားနည်း သော် လည်း ကျေးရွာဖွံ့ဖြိုးမှုလုပ်ဆောင်သည့် လုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာပါဝင် ဆောင်ရွက်နေမှု အနည်းငယ်သာရှိကြပါသည်။ ဘုရားငုတ်တိုကျေးရွာတွင် မိန်းကလေးများ၊အမျိုးသမီးများ အား သံသယဖြစ်ဖွယ် အကြမ်းဖက်မှုများ မရှိပါ။

ဘုရားငုတ်တိုကျေးရွာတွင် အမျိုးသမီးများအနေဖြင့် ရိုးရာဓလေ့ထုံးစံများနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းတွင် ပါဝင်မှုနေကြပြီး ကျေးရွာ၏ လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှုနှင့် ဘာသာရေးလုပ်ငန်းများတွင်ပါဝင်မှု နှင့်ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှုများတွင် လှုပ်ရှားမှုတွင် တက်တက်ကြွကြွ ပါဝင်လှုပ်ရှားကြပါသည်။



Scanned by CamScanner

ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် - ဘုရားငုတ်တို | | | ကျေးရွာအမည် - ဘုရားငုတ်တို | |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | မှတ်ချက် |
| ၁။ | အခြေခံအဆောက်အဦ | ကျေးရွာ၏ လူမှုစီးပွား သာယာတိုးတက်စေရန် လိုအပ်သော အခြေခံအဆောက်အဦများ တိုးတက်အောင်တည်ဆောက်ခြင်း | ကျေးရွာတွင်ကျောက်ရောမြေလမ်း (၂၄၅၀'x ၁၈'x ၆") ခင်းခြင်း လုပ်ငန်း | |
| ၂။ | ရေပေးရေး | သန့်ရှင်းသော သောက်သုံးရေ စနစ်ရရှိစေရန် | အဝေစီတွင်း တွင်းနက် တူးဖော်ခြင်းလုပ်ငန်း<br>စင်မြင့် ရေစင်နှင့်အိမ်သွယ် ရေတိုင်စနစ်ရရှိရေး လုပ်ငန်း | |
| ၃။ | ပညာရေး | အခြေခံပညာရေးဆိုင်ရာ နှင့် ပညာရေးကဏ္ဍ တိုးတက်စေရန် | စာသင်ကျောင်း ခြံစည်းရိုး အုတ်တံတိုင်း ကာရံခြင်း လုပ်ငန်း | |
| ၄။ | ပညာရေး | အခြေခံပညာရေးဆိုင်ရာ နှင့် ပညာရေးကဏ္ဍ တိုးတက်စေရန် | စာသင်ကျောင်း သင်ထောက်ကူ ပရိဘောဂ ရရှိရေးလုပ်ငန်း | |
| ၅။ | ပညာရေး | အခြေခံပညာရေးဆိုင်ရာ နှင့် ပညာရေးကဏ္ဍ တိုးတက်စေရန် | စာသင်ကျောင်းဝင်းအတွင်း ကွန်ကရစ် အကြမ်းလောင်း ခြင်းလုပ်ငန်း<br>စာသင်ကျောင်းအားကစားကွင်းဆောင်လုပ်ခြင်း လုပ်ငန်း | |



Scanned by CamScanner

| ကျေးရွာအုပ်စုအမည် - ဘုရားငုတ်တို | | | ကျေးရွာအမည် - ဘုရားငုတ်တို | |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | မှတ်ချက် |
| ၆။ | ငွေကြေး | လူထုအခြေပြု | အရင်းအနှီးချေးငွေရရှိရေး လုပ်ငန်း(မြစိမ်းရောင်ကျေးရွာစီမံကိန်း) | |
| | | | | |
| | | | | |
| | | | | |
| | | | | |



Scanned by CamScanner

နောက်ဆက်တွဲ(၁) ဘုရားငုတ်တိုကျေးရွာဖွံ့ဖြိုးရေးကော်မတီများ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဒေါ်နန်းထက်ထက်အောင် | ဦး | ၁၀/ကမရ(နိုင်) | | နာယက | ၀၉၇၇၂၆၁၃၅၆၄ |
| ၂ | ဦးစိန်သန်းရီ | ဦးကျော်ဝိ | ၁၀/ကမရ(နိုင်)၀၉၄၇၆၅ | ၃၈ | ဥက္ကဋ္ဌ | ၀၉၂၅၁၅၅၀၇၆၃ |
| ၃ | ဦးကျော်လင်းစိုး | ဦးစိုးသိန်း | ၁၀/ကမရ(နိုင်)၁၁၄၇၂၆ | ၃၂ | အတွင်းရေးမှူး | ၀၉၇၆၈၆၃၁၄၄၇ |
| ၄ | ဒေါ်နန်းမြမြအောင် | ဦးစိန်သွင် | ၁၀/ကမရ(နိုင်)၁၃၀၈၀၂ | ၁၉ | စာရင်းကိုင် | ၀၉၇၈၂၇၄၂၃၇၆ |
| ၅ | စောအချယ်ဝတ် | ဦးကျော်သလေး | ၁၀/ကမရ(နိုင်)၁၃၄၃၇၆ | ၃၉ | ဘဏ္ဍာထိန်း | ၀၉၇၆၄၂၄၈၀၈၂ |
| ၆ | ဦးခအုံးမြင့် | ဦးဖေါ်အမူ | ၁၀/ကမရ(နိုင်)၀၅၁၂၁၈ | ၅၀ | အဖွဲ့ဝင် | 09 |
| ၇ | စောမြင့်ဆွေ | ဦးအောင်ကြည် | ၁၀/ကမရ(နိုင်)၁၅၅၈၈၅ | ၄၄ | အဖွဲ့ဝင် | ၀၉၇၇၀၇၆၆၂၃၂ |
| ၈ | နန်းစင်ရှုပါအောင် | ဦးအောင်အောင် | ၁၀/ကမရ(နိုင်)၀၇၃၁၆၁ | ၃၅ | စာရင်းကိုင် | ၀၉၇၆၁၀၂၀၅၆၇ |
| ၉ | ဒေါ်မုနန်းစိန် | ဦးမုန်နဲ | ၁၀/ကမရ(နိုင်)၁၁၁၃၇၂ | ၆၁ | အဖွဲ့ဝင် | ၀၉၇၈၄၀၇၇၅၄၃ |
| ၁၀ | နန်းမုအဲကုန် | ဦးအောင်ထွေးကြည် | ၁၀/ကမရ(နိုင်)၁၂၀၉၈၃ | ၃၄ | အဖွဲ့ဝင် | ၀၉၇၆၃၀၀၇၂၉၉ |
| ၁၁ | စောခင်လေး | ဦးနဲရွှေ | ၁၀/ကမရ(နိုင်)၁၂၆၂၃၄ | ၃၄ | အဖွဲ့ဝင် | ၀၉၇၆၂၇၅၂၇၁၈ |



Scanned by CamScanner

နောက်ဆက်တွဲ(၂) ဘုရားငုတ်တိုကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁ | ၃ | ၄ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၁၀ | ၁၀ | ၂၀ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၂၂ | ၂၀ | ၄၃ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၁၇ | ၂၄ | ၄၁ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၇၁ | ၂၁၇ | ၃၈၈ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၃ | ၈ | ၁၁ |
| စုစုပေါင်း | | ၂၂၄ | ၂၈၃ | ၅၀၇ |
| စုစုပေါင်း အိမ်ထောင်စု | | ၇၁ | | |

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

လေ့လာတွေ့ရှိချက်။ ။ဘုရားငုတ်တိုကျေးရွာတွင် အိမ်ထောင်စု (၇၁) စု၊ လူဦးရေ (၅၀၇) ဦး ရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက် နို့စို့အရွယ် (၄)ဦး၊ ၅ နှစ်အောက် ကလေးအရွယ် (၂၀)ဦး ၊ မူလတန်းကျောင်းသားအရွယ် (၄၃)ဦး ၊ အလယ်တန်း ကျောင်းသား အရွယ် (၄၁)ဦး၊ အလုပ်လုပ်နိုင်သည့်အရွယ် (၃၈၈)ဦး၊ သက်ကြီးရွယ်ကြီးအရွယ် (၁၁)ဦး ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိ လူဦးရေ (၅၀၇)ဦး နှင့် အလုပ်လုပ်နိုင်သည့်အရွယ် ကျား (၁၇၁) ဦး၊ မ (၂၁၇) ဦး စုစုပေါင်း (၃၈၈) ဦး ရှိပါသည်။ ထို့ကြောင့် ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၈ | ၁၅ | - | မြင့်☑ လတ် ☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐လတ်☐နိမ့်☐ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၁ | ၁၁ | – | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | – | – | - | မြင့်☐လတ်☐နိမ့်☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၄ | သစ်တောလုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | – | မြင့်☑လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၅ | – | မြင့်☑လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့် ☐ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | – | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၁၁ | လက်လီ-လက်ကား ရောင်းဝယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆ | ၂၃ | – | မြင့်☐လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐ နိမ့်☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |



Scanned by CamScanner

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် (အိမ်ထောင်စု) | အဓိက အလုပ်အကိုင် (မိသားစုဝင်လုပ်အား) | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | |
| ၁၃ | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | - | မြင့်☑လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | ငွေရေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေရေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | |
| ၁၄ | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| ၁၅ | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐ နိမ့်☐ |
| | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | |
| ၁၆ | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | ပညာရေး | | | | |
| ၁၇ | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐ နိမ့်☐ |
| | ကျန်းမာရေး | | | | |
| ၁၈ | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | လူမှုရေး လုပ်ငန်းများ | | | | |
| ၁၉ | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | |
| ၂၀ | ကိုယ်ပိုင် လုပ်ငန်း | - | - | - | ပြည်ပ/ကြုံရာကျပန်း |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၃၅ | ၆၆ | - | |
| | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ | | | | |
| ၂၁ | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့် ☐ |
| | စုစုပေါင်း | ၇၁ | ၁၂၆ | - | ☒ |

ရင်းမြစ်.... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"အရေအတွက်တွင် "မိသားစုဝင်လုပ်အား"



Scanned by CamScanner

ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ "ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)" ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -"စိုက်ပျိုးရေး" ကဏ္ဍ၏ "ကိုယ်ပိုင်လုပ်ငန်း"တွင်ရပ်တည်နိုင်မှု"မြင့်" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ဘုရားငုတ်တိုကျေးရွာတွင် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြပါသည်။ လက်သမား၊ ပန်းရံ လုပ်ကိုင်သည့် အိမ်ထောင်စု (၅)စုရှိပါသည်။ကျေးရွာတွင် ပြည်ပတိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင် သောအိမ်ထောင်စုနှင့်ကျေးရွာတွင်နေ၍ကျပန်းလုပ်ကိုင်သည့် အိမ်ထောင်စုမှာ များပြားလှပါသည်။ ကျေးရွာတွင် တစ်နိုင်တစ်ပိုင် ဈေးရောင်းသော အိမ်ထောင်စု(၆)စုရှိပါသည်။ အရောင်းအဝယ်လုပ်ငန်းတွင် မိသားစုဝင် လုပ်အားအနေဖြင့် (၂၃)ဦးရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | – | – | – | – |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | – | – | – | – |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | – | – | – | – |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၇၀၀၀ | - | ၅၀၀၀ | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | ၁၀၀၀၀ | – | ၇၀၀၀ | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၇၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၅၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | – | – | – | – |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ဘုရားငုတ်တိုကျေးရွာတွင် လယ်သမားများ စိုက်ပျိုးထားသော စပါးများမှာ



Scanned by CamScanner

ပိုးများကျနေ၍ ပျက်စီးမှုများဖြစ်နေပါသည်။ကျေးရွာတွင် လယ်သမားများစိုက်ပျိုးရာတွင် အလုပ်သမားများ ခေါ်ယူ၍ နေ့စား ကျား-၅၀၀၀/မ-၄၀၀၀ တို့ဖြင့် ငှားရမ်းလုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် ယာဉ်စက်ကိရိ ပြင်ဆင်ရေးတွင်နေ့စား ကျား-၁၀၀၀၀အထိရရှိပြီး လက်လီ/လက်ကားရောင်းဝယ်ရေးတွင် နေ့စားအနေဖြင့် ကျား/မ-၄၀၀၀ ရရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ဘုရားငုတ်တိုကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသောကြောင့် နေ့စား/ ကျပန်း လုပ်ကိုင်စားသောက်သော အိမ်ထောင်စုအနည်းငယ် စားဝတ်နေရေး အခက်အခဲရှိသည်ကို လေ့လာ တွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၁၄၇.၇ | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၁၈ | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စုစုပေါင်း | ၁၆၁.၇ | ☒ |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ဘုရားငုတ်တိုကျေးရွာတွင် လယ်မြေ (၁၄၇.၇) ဧကနှင့် ဥယျာဉ်ခြံမြေ (၁၈) ဧကရှိပြီး မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ ဘုရားငုတ်တိုကျေးရွာတွင် ဥယျာဉ်ခြံ မြေများတွင် ရော်ဘာပင်နှင့် အခြားရာသီပေါ်သီးနှံများ စိုက်ပျိုးကြပါသည်။ ဘုရားငုတ်တို ကျေးရွာတွင် မြေလွတ်မြေလပ်၊ စားကျက်မြေ နှင့် ယာမြေ/ တောင်ယာမြေများ မရှိသည်ကို လေ့လာ တွေ့ရှိရပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☑ မရှိ☐ | ☒ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ဘုရားငုတ်တိုကျေးရွာတွင် မြစ်ကျောက်၊ သဲ၊ ကျောက်စရစ်များသည် ကျေးရွာ၏အနီးပတ်ဝန်းကျင် တွင် မရှိသော်လည်း အဝေးဆုံးမော်လမြိုင်မြို့၊ အနီးဆုံးမုဒုံမြို့မှ အလွယ်တကူဝယ်ယူရရှိ အသုံးချနိုင်ပါသည်။ ဘုရားငုတ်တိုကျေးရွာတွင် ဆေးဘက်ဝင်အပင်များနှင့် သဘာဝတိရစ္ဆာန်မျိုးစိတ်များ ရှားပါးပါသည်။ ကျေးရွာတွင် ဆောင်းရာသီနှင့် မိုးဦးကျတွင် နွားစာမြက်ပင်ပေါများပါသည်။

(ဃ) ဥစ္စာစနေအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာစနေအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသော အိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၂ဧက | ၁၀ဧက | ၂ဧက | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | တိုက်အိမ် | ပျဉ်ထောင်/သွပ်မိုး | ဝါးခရံ/သွပ်မိုး | တဲအိမ် |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ကား | သုံးဘီးဆိုင်ကယ် | ဆိုင်ကယ် | စက်ဘီး/နွားလှည်း |
| အဓိကစီးပွားရေး လုပ်ငန်း | ပြည်ပ(ထိုင်း) | လယ်ယာစိုက်ပျိုးရေး | ဈေးဆိုင်/Taxi | နေ့စား/ကျပန်း |
| အိမ်ထောင်စု | ၁၄ | ၄၆ | ၁၁ | ၁၀ |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ဘုရားငုတ်တိုကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စု(၁၄)စုသာရှိပြီး အဓိကအနေဖြင့် ပြည်ပထိုင်းနိုင်ငံသို့သွားရောက်လုပ်ကိုင်သော အိမ်ထောင်စုများသာဖြစ်ပါသည်။ ဘုရားငုတ် တိုကျေးရွာတွင် အလယ်အလတ်ရှိသော အိမ်ထောင်စု(၄၆)စုသည် ကိုယ်ပိုင်လယ်ယာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း များကို အဓိကလုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် မပြေလည်သောအိမ်ထောင်စု(၁၁)စုတို့သည် ဈေးဆိုင်နှင့်ဆိုင်ကယ်Taxiများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ ကျေးရွာအလွန်မ ပြေလည်သော အိမ်ထောင်စု (၁၀)စု သည် နေ့စားကျပန်းများဖြစ်ပြီးစသည့် ရာသီလိုက် ကြုံရာကျပန်းလုပ်ငန်းများဖြင့် အသက်မွေးလုပ်ငန်း လုပ်ကိုင်ကြပါသည်။



Scanned by CamScanner

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ဈေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | - | အခြားအစာပြောင်းလဲစား= ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ဈေးယူ = ______<br>လုပ်အားခကြိုယူ = ______ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | - | အခြားအစာပြောင်းလဲစား= ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ဈေးယူ = ______<br>လုပ်အားခကြိုယူ = ______ |
| ၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား= ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ဈေးယူ = ______<br>လုပ်အားခကြိုယူ = ______ |

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ဘုရားငုတ်တိုကျေးရွာတွင် ဝမ်းစာဖူလုံမှုအနေဖြင့် အခက်အခဲမရှိပါ။

(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | – | - | – |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၆ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၂ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | ၂ | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ဘုရားငုတ်တိုကျေးရွာတွင်ကူညီစောင့်ရှောက်မှုအထူးလိုအပ်သည့် သက်ကြီးရွယ်အိုနှင့် မသန်စွမ်းသည့် ပုဂ္ဂိုလ်များမရှိသော်လည်း အများစုသည် ဆွေမျိုးတော်စပ်ကြသောကြောင့် အရေးပေါ် ကိစ္စရပ်များတွင် တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီကြပါသည်။ ဘုရားငုတ်တိုကျေးရွာတွင် ဆင်းရဲ၍မိသားစု



Scanned by CamScanner

ဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု (၆)စု၊ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/တစ်ခုလပ် အိမ်ထောင်စု(၂)စုနှင့်အခြားဒေသသို့ ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့်အိမ်ထောင်စု(၂)စု ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | | |
|---|---|---|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ | လတ် ☐ | နိမ့် ☑ | မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ | လတ် ☐ | နိမ့် ☑ | မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ | လတ် ☑ | နိမ့် ☐ | မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ | လတ် ☑ | နိမ့် ☐ | မရှိ ☐ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ | လတ် ☐ | နိမ့် ☑ | မရှိ ☐ |
| ၆ | မုန်တိုင်း | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၇ | လျှော် | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၈ | မီးဘေး | မြင့် ☐ | လတ် ☐ | နိမ့် ☑ | မရှိ ☐ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ | လတ် ☐ | နိမ ☐ | မရှိ ☐ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ | လတ် ☑ | နိမ ☐ | မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ | လတ် ☐ | နိမ့် ☑ | မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ | လတ် ☐ | နိမ့် ☑ | မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ | လတ် ☐ | နိမ်ံ ☑ | မရှိ ☐ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

